# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 20 , 2023 Volume 71, Number 15

၂၀.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၇၇ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၃၂၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၄.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြဝတီနယ်စပ်မှထိုင်းနိုင်ငံသို့ တစ်ပတ်အတွင်း ချုပ်ပြီးအထည်၊ ကြက်သွန်နီနှင့် အခြားရေထွက်ပစ္စည်းများ တင်ပို့ခဲ့ပြီး ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ အများဆုံးတင်သွင်းထား

မြဝတီနယ်စပ်မှ ထိုင်းနိုင်ငံသို့ တစ်ပတ်အတွင်း ချုပ်ပြီးအထည်၊ ကြက်သွန်နီများနှင့် အခြားရေထွက်ပစ္စည်းများတင်ပို့ခဲ့ပြီး ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ အများဆုံးတင်သွင်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အတွင်း အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကြက်သွန်နီတစ်တန်လျှင် (၆၄၁ ဒသမ၅၅၉) ဒေါ်လာဖြင့် (၁၆၃၁ဒသမ၉၆၀) တန်၊ ချုပ်ပြီးအထည် (၅၈၅၅၉) ထည်ဖြစ်ပြီး တန်ချိန်အားဖြင့် (၁၁ဒသမ၄၃၈) တန်၊ ငရုတ်သီး (ခြောက်)တစ်တန်လျှင် (၁၆၃၅ဒသမ၀၀၆) ဒေါ်လာဖြင့် (၃၃၆ဒသမ၃၉၀) တန်၊ ငရုတ်သီး (စိမ်း) (အစို) တစ်တန်လျှင် (၄၀၀ဒသမ ၃၅၃) ဒေါ်လာဖြင့် (၆၇၆ဒသမ၉၀၂)တန်၊ သတ္တုနှင့် သတ္တုရိုင်းများတစ်တန်လျှင် (၁၃၃၅ ဒသမ၃၆၅) ဒေါ်လာဖြင့် (၁၆၄) တန်၊ နှမ်းဖြူ တစ်တန်လျှင် (၂၁၀၄ဒသမ၁၆၆) ဒေါ်လာ ဖြင့် (၉၆) တန်၊ ဂေါ်ဖီထုပ်တစ်တန်လျှင် (၂၀၀ဒသမ၆၄၇) ဒေါ်လာဖြင့် (၇၇၂ဒသမ ၅၀၀) တန်၊ ကွမ်းသီး တစ်တန်လျှင် (၁၅၂၇ ဒသမ၈၇၇) ဒေါ်လာဖြင့် (၇၂) တန်၊ အခြားရေထွက်ပစ္စည်း တစ်တန်လျှင် (၃၄၃၈ဒသမ ၅၀၀) ဒေါ်လာဖြင့် (၁၂ဒသမ၈၀၀) တန်နှင့် တစ်တန်လျှင် (၉၉၅ ဒသမ ၀၂၅) ဒေါ်လာ ဖြင့် (၁၄ဒသမ၀၈၀) တန်တို့ဖြစ်သည်။

သွင်းကုန်ပစ္စည်းတင်သွင်းမှုအနေဖြင့် အောက်တိုဘာ ၇ ရက်မှ ၁၃ ရက်အတွင်း အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း (၁၀)မျိုး မှာ ပလတ်စတစ် ကုန်ကြမ်း ပစ္စည်းများ (၁ဒသမ၅၇၇) ဒေါ်လာသန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေး ပစ္စည်းများ (၁ဒသမ၀၁၅) ဒေါ်လာသန်း၊ သံနှင့် သံမဏိဆောက်လုပ်ရေး ပစ္စည်းများ (၀ဒသမ ၉၅၂) ဒေါ်လာသန်း၊ ပုံနှိပ်စက္ကူများ (၀ဒသမ ၉၂၅) ဒေါ်လာသန်း၊ အခြား စက္ကူများ (၀ ဒသမ၆၇၀) ဒေါ်လာသန်း၊ အလှကုန်ပစ္စည်းမျိုးစုံ (၀ဒသမ၆၄၀) ဒေါ်လာသန်း၊ ဝါယာကြိုးများ (၀ဒသမ၅၈၉) ဒေါ်လာသန်း၊ စက်နှင့်စက်ပစ္စည်းများ (၀ဒသမ၅၆၂) ဒေါ်လာ သန်း၊ သံနှင့်သံမဏိပစ္စည်းများ (၀ဒသမ၅၄၉) ဒေါ်လာသန်းနှင့် မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ (၀ဒသမ၃၉၆) ဒေါ်လာသန်းတို့ဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှု ဒေါ်လာ ၁၃၁၆ သန်းကျော်ရှိပြီး စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၃၄ ဒသမ ၂

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ရာခိုင်နှုန်းရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် စတုတ္ထသုံး လပတ်အတွင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှု ဒေါ်လာ ၉၀၉ သန်းကျော်ရှိပြီး စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၂၂ ဒသမ ၆ ရာ ခိုင်နှုန်းရှိကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့မှု၏ ၇၆ ရာခိုင်နှုန်းကျော်ကို အာရှဒေသသို့ တင်ပို့ခဲ့ပြီး အီးယူသို့တင်ပို့မှု ၁၈ ဒသမ ၄ ရာခိုင်နှုန်းတင်ပို့ခဲ့ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ချက်အရသိရသည်။ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း မြန်မာနိုင်ငံမှ ပို့ကုန်အများဆုံးတင်ပို့ခဲ့သည့် နိုင်ငံများမှာ တရုတ်၊ ထိုင်း၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်တို့ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ သွင်းကုန်တင်သွင်းမှုတွင်ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်း များကို အဓိကတင်သွင်းလျက်ရှိသည်။

နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် တွင် ပို့ကုန်ဒေါ်လာ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ၉၀၆၈ ဒသမ ၉၁၄ သန်း ဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်းရရှိခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန် ဒေါ်လာ၁၁၁၃၆ ဒသမ၈၇၈ သန်း၊ သွင်းကုန် ဒေါ်လာ ၁၆၅၇၇ ဒသမ ၉၄၈ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၇၇၁၄ ဒသမ ၈၂၆ သန်းရရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်တွင် ပို့ကုန် ဒေါ်လာ ၁၁၉၉၈ ဒသမ ၅၄၅ သန်း၊ သွင်း ကုန်ဒေါ်လာ ၁၇၂၁၁ ဒသမ ၀၆၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၂၉၂၀၉ ဒသမ ၆၀၇ သန်းရရှိခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန် ဒေါ်လာ ၁၄၈၈၃ ဒသမ ၁၆၀ သန်း၊ သွင်းကုန် ဒေါ်လာ ၁၈၆၉၄ ဒသမ ၈၉၂ သန်းဖြင့် ကုန် သွယ်မှုပမာဏဒေါ်လာ ၃၃၅၇၈ ဒသမ ၀၅၂ သန်းရရှိခဲ့သည်။

**Source:** https://news-eleven.com/article/255421

## ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း ၁၁ မျိုး အနက် စားအုန်းဆီတင်သွင်းမှုဒေါ်လာ ၂၄၅ သန်းကျော်၊ ဓာတ်မြေဩဇာ ၃၂၉ သန်းတင်သွင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံမှ တင်သွင်းသည့်အဓိကကုန်စည်ပစ္စည်း ၁၁ မျိုးအနက် စားအုန်းဆီတင်သွင်းမှုဒေါ်လာ ၂၄၅ သန်းကျော်၊ ဓာတ်မြေဩဇာ ၃၂၉ သန်းတင်သွင်းခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း ၁၁ မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေမှာ စားအုန်းဆီတန်ချိန် ၂၄၃၈၇၄ တင်သွင်းမှုမှ တန်ဖိုးဒေါ်လာ ၂၄၅ ဒသမ ၅၁ သန်း၊ ဓာတ်မြေဩဇာတန်ချိန် ၈၄၉၆၇၀ တန်တင်သွင်းမှုမှဒေါ်လာ ၃၂၉ ဒသမ ၃၉သန်း၊ ဂျုံစေ့တန်ချိန် ၁၅၃၁၃၉ တန်တင်သွင်းမှုမှ တန်ဖိုးဒေါ်လာ ၆၅ ဒသမ ၂၂ သန်းနှင့် ဂျုံမှုန့်တန်ချိန် ၆၃၆ တင်သွင်း မှုမှ ဒေါ်လာ ၀ ဒသမ ၃၆ သန်း ပါဝင်သည်။

အခြားတင်သွင်းကုန်များဖြစ်သည့် နို့ဆီမှာ တန်ချိန် ၈၁၄၁ တင်သွင်းမှုမှ ဒေါ်လာ ၁၁ ဒသမ ၃၂ သန်း၊ နို့စိမ်းမှာ တန်ချိန် ၈၆၃၂ တင်သွင်းမှုမှ ဒေါ်လာ ၁၂ ဒသမ ၈၃ သန်းနှင့် နို့မှုန့်တန်ချိန် ၄၁၄၂ တင်သွင်းမှုမှ ဒေါ်လာ ၁၂ ဒသမ ၁၉ သန်းစီ ပါရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏာန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ မြေဩဇာတင်သွင်းမှု စုစုပေါင်း ၈၁၉၈၁၀ တန်တင်သွင်းခဲ့သည်။ အဆိုပါတင်သွင်းမှုတွင် နိုက်ထရိုဂျင် ၄၉၅၃၇၆ တန်၊ ဖော့စဖိတ် ၂၉၅၃၆ တန်၊ ပိုတက်စီယမ် ၂၇၂၃၀ တန်၊ ကွန်ပေါင်း ၂၅၇၁၇၃ တန်၊ ဖော်လာ ၄၄၆ တန်၊ အော်ဂဲနစ် ၁၅၆၇ တန်၊ ဂျစ်ပဆန် ၉၆၄ တန်နှင့် အခြားမြေဩဇာ စုစုပေါင်း ၇၅၁၈ တန်အသီးသီးပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချော(CMP)နှင့် အခြားသောကုန်ပစ္စည်းများကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းများကို အဓိကတင်သွင်းလျက်ရှိသည်။

နှစ်အလိုက် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၈၉၇၇ ဒသမ ၀၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၉၀၆၈ ဒသမ ၉၁၄ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၁၈၀၄၅ ဒသမ ၉၂၉ သန်းရရှိခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၁၁၃၆ ဒသမ ၈၇၈ သန်း၊ သွင်းကုန်ဒေါ်လာ ၁၆၅၇၇ ဒသမ ၉၄၈ သန်းဖြင့် ကုန် သွယ်မှုပမာဏဒေါ်လာ ၂၇၇၁၄ ဒသမ ၈၂၆ သန်းရရှိခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်ဒေါ်လာ ၁၁၉၉၈ ဒသမ ၅၄၅ သန်း၊ သွင်း ကုန်ဒေါ်လာ ၁၇၂၁၁ ဒသမ ၀၆၂ သန်းဖြင့် ကုန်သွယ်မှုပမာဏဒေါ်လာ ၂၉၂၀၉ ဒသမ ၆၀၇ သန်းရရှိခဲ့သည်။

**Source:** https://news-eleven.com/article/255408

## မြန်မာနိုင်ငံမှ အသားများကို အေးခဲအသားများအဖြစ် နိုင်ငံတကာဈေးကွက်သို့ တရားဝင်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတွင် အမဲသားအပါအဝင် အသားအမျိုးမျိုးကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသည့် လမ်းညွှန်ချက်၊ သားသတ်ရုံများအနေဖြင့် အေးခဲအသားများကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့မည်ဆိုပါက စံချိန်စံညွှန်းနှင့် အညီတင်ပို့နိုင်ရန် လက်ရှိတွင် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက ဆင်ဟွာသို့ ယနေ့ အောက်တိုဘာ ၁၉ ရက်တွင် ပြောသည်။

ဦးလှထွန်းက "လောလောဆယ်တော့ အေးခဲအသားတွေကို နိုင်ငံတကာကို တရားဝင်တင်ပို့တာတော့ မရှိသေးဘူး။ ဒါပေမဲ့ တရုတ်နိုင်ငံကို တင်ပို့တဲ့အခါ နွားအရှင်အစား အေးခဲအသားပို့ဖို့ ဝန်ကြီးချုပ်ကြီးက မှတ်ချက်ပြုထားပါတယ်။ လောလောဆယ် ကျွန်တော်တို့ဆီမှာ အသားခြောက်တွေ တင်ပို့တာရှိပေမဲ့ အေးခဲအသားတော့ တင်ပို့တာမရှိသေးဘူး" ဟု ပြောသည်။

လက်ရှိတွင် ရင်းနှီးမြှုပ်နှံသူများနှင့် အဆင့်မီ သားသတ်ရုံများ တည်ဆောက်ရန် ဆွေးနွေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တချို့တွင် တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေးဇုန်များ တည်ဆောက်ထားပြီးဖြစ်ကြောင်း ၎င်း၏ ပြောကြားချက်အရ သိရသည်။ "အေးခဲအသားကို ပို့နိုင်တဲ့ကုမ္ပဏီတွေအနေနဲ့ တိရစ္ဆာန်တွေမွေးပြီး ကုမ္ပဏီကသူတို့ဘာသာတင်ပို့ပေါ့။ တင်ပို့တဲ့ ကုမ္ပဏီတွေအနေနဲ့ကလည်း နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ တင်ပို့နိုင်ဖို့လုပ်ရမှာပါ။ အဲဒီလို အေးခဲပို့ဖို့ သားသတ်ရုံတွေ၊ ခဲတဲ့ အအေးခန်းတွေ အများကြီးလိုအပ်ပါတယ်။ စံချိန်စံညွှန်းမညီရင်တော့ လုပ်လို့မရပါဘူး" ဟု ဦးလှထွန်းက ဖြည့်စွက်ပြောကြားသည်။

တိရစ္ဆာန်များကိုမွေးမြူပြီး အသားထုတ်ပြီးပါက စံချိန်စံညွှန်းနှင့်အညီ အေးခဲရမည်ဖြစ်ကြောင်း၊ တင်ပို့သည့် နေရာတွင်လည်း စံချိန်စံညွှန်းနှင့်အညီ တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ၎င်း၏ပြောကြားချက်အရ သိရသည်။ "မွေးမြူရေးဇုန်တွေဖော်ဆောင်ပြီး ကုမ္ပဏီတွေအနေနဲ့ အဲဒီလုပ်ငန်းတွေ တစ်ခါတည်းဆောင်ရွက်နိုင်အောင် ကျွန်တော်တို့က ဖွင့်လှစ်ဖော်ဆောင်ပေးထားပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အတွက် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်မှာဖြစ်ပါတယ်" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

**Source:** https://xinhuamyanmar.com/news/business/nm-23101919/

## အင်ဒိုနီးရှား ယခုနှစ် စပါးအထွက်နည်းမည်

အင်ဒိုနီးရှားတွင် အယ်နီညိုရာသီဥတုပုံစံနှင့် ပြင်းထန်ခြောက်သွေ့သော ရာသီဥတုကြောင့် စပါးအထွက်နှုန်းထိခိုက်သဖြင့် ၂၀၂၃ ခုနှစ် ဆန်အထွက်နှုန်းမှာ ၂ ရာခိုင်နှုန်း ကျဆင်းသွားဖွယ်ရှိကြောင်း၊ တန်ချိန် ၃၀ ဒသမ ၉၀ သန်း ထွက်မည်ဟု ခန့်မှန်းထားကြောင်း စာရင်းအင်းဗျူရိုမှ ပြောကြားသည်။

ခန့်မှန်းချက်သည် ဩဂုတ်လမှာ ထွက်ရှိသည့် ကိန်းဂဏန်း အချက်အလက်များအပေါ် အခြေခံပြီးစက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း ထွက်ရှိမည့် ပမာဏများကို ခန့်မှန်းထားကြောင်း Statistics Indonesia မှ ပြောကြားသည်။ "အယ်နီညို ကြောင့် ကာလရှည်ကြာ မိုးခေါင်တဲ့အတွက်ကြောင့် နေရာတော်တော်များများမှာ မစိုက်ပျိုးနိုင်ခဲ့ဘူး။ စိုက်ပျိုးတဲ့နေရာတွေ မှာလည်း စပါးအထွက်နှုန်း ထိခိုက်ပါတယ်" ဟု ဗျူရိုအကြီးအကဲ Amalia Adininggar Widyasanti က ပြောကြားသည်။

၂၀၂၃ ခုနှစ်အတွက် စပါးရိတ်သိမ်းဧရိယာသည် ဟက်တာ ၁၀ ဒသမ ၂ သန်းရှိမည်ဟု ခန့်မှန်းထားပြီး လွန်ခဲ့သည့်နှစ်က ဟက်တာ ၁၀ ဒသမ ၄၅ သန်းထက် လျော့နည်းပါသည်။ အင်ဒိုနီးရှားသည် ယခုနှစ် ဇန်နဝါရီမှစက်တင်ဘာလအထိ ဆန်တန်ချိန် ၁ ဒသမ ၇၉ သန်း တင်သွင်းခဲ့ပါသည်။

အင်ဒိုနီးရှားသို့ ဆန်အများဆုံးတင်ပို့သည့်နိုင်ငံမှာ ထိုင်းဖြစ်ပြီး ၎င်းနောက်တွင် ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် မြန်မာ နိုင်ငံတို့ အစဉ်အတိုင်း ရှိနေပါသည်။ ယခုအခါ ရန်ကုန်ဆိပ်ကမ်းတွင် VTC OCEAN သင်္ဘောသည် အင်ဒိုနီးရှားသို့ ပို့ဆောင်ရန် ဆန်တန်ချိန် ၂၀,၀၀၀ သင်္ဘောတင်နေပါသည်။ အင်ဒိုနီးရှားသို့ပို့ဆောင်ရန် ဆန်တန်ချိန် ၂၀,၀၀၀ သင်္ဘော တင်မည့် DMC JUPITER သင်္ဘောသည် ယခုလ ၂၄ ရက်တွင် ရန်ကုန်သို့ ဆိုက်ရောက်မည်ဖြစ်ပါသည်။

**Source BT**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7103-asia-rice.html

## အိန္ဒိယနိုင်ငံ၏ ပို့ကုန်တန်ဖိုး ၂ ဒသမ ၆ ရာခိုင်နှုန်းကျဆင်း၍ (၅) လအတွင်း ကုန်သွယ်မှုလိုငွေပြမှု အနိမ့်ဆုံးသို့ ရောက်ရှိ

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၏ပို့ကုန်တင်ပို့မှုစုစုပေါင်းမှာ ယခင်နှစ်ကာလတူထက် ၂ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားပြီး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၄၇ ဘီလီယံရှိကြောင်း သိရသည်။ ၎င်းသည် ယခု ဘဏ္ဍာနှစ်အတွင်း ငါးလဆက်တိုက် ပို့ကုန်ကျဆင်းမှုဖြစ်သည်။ ရေနံ၊ အဖိုးတန်ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ ဓါတုပစ္စည်း နှင့် အဝတ်အထည်စသည့် အဓိကကဏ္ဍများကျဆင်းခဲ့သောကြောင့်ဖြစ်ကြောင်း သိရသည်။ သို့သော် အစိုးရအနေဖြင့် "ရွက်နုသစ်များ(green shoots)"ခေါ် စီးပွားရေးနလန်ထူလာသည့် အရိပ်လက္ခဏာများပေါ်ထွက်လာသည့် အခြေအနေကို ကိုးကား၍ လာမည့်ခြောက်လတာကာလအတွင်း ပို့ကုန်ပြန်လည်မြင့်တက်လာဖွယ်ရှိသည်ဟု အကောင်းမြင်လျက်ရှိသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် အိန္ဒိယနိုင်ငံ၏ သွင်းကုန်ပမာဏစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၈၄ ဘီလီယံဖြင့် ၁၅ ရာခိုင်နှုန်းသို့ သိသာထင်ရှားစွာကျဆင်းခဲ့ကြောင်း သိရသည်။ ရေနံတင်သွင်းမှု ၂၀ ဒသမ ၃ ရာခိုင်နှုန်းသို့ သိသိသာသာ ကျဆင်းသွားပြီး၊ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံသို့ ရောက်ရှိသွားခြင်းက ကုန်သွယ်ရေးလိုငွေပြမှုလျော့ချရန် အထောက်အကူ ပြုခဲ့သည်။ ကုန်သွယ်ရေးလိုငွေပြမှုတန်ဖိုးသည် ငါးလတာကာလအတွင်း အနိမ့်ဆုံးအဖြစ် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃၇ ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း ကုန်သွယ်ရေးဌာနက လတ်တလောထုတ်ပြန်သည့် ခန့်မှန်းချက်အရ သိရသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ရေနံ၊ အဖိုးတန်ကျောက်မျက်နှင့် လက်ဝတ်ရတနာတင်ပို့မှုမှလွဲလျှင် အိန္ဒိယနိုင်ငံ၏ ကုန်စည်ပို့ကုန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၈ ဘီလီယံသို့ ရောက်ရှိခဲ့သည်။ ၎င်းသည် ၂၀၂၂ ခုနှစ် ကာလတူက ပို့ကုန်တန်ဖိုး ၂၄ ဒသမ ၃၃ ဘီလီယံကို ကျော်လွန်ခဲ့သော်လည်း အစွန်းထွက်တန်ဖိုးမှာ မများလှဟုဆိုသည်။

အိန္ဒိယအကောက်ခွန်ဌာနနှင့် ညှိနှိုင်းမှုတစ်ချို့ပြုလုပ်၍ အချက်အလက်များပြန်လည်ပြင်ဆင်ခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လရှိ အိန္ဒိယနိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၄ ဘီလီယံသို့ မြင့်တက်ခဲ့ပြီး၊ ယခင်နှစ်ကာလ တူထက် ၃ ဒသမ ၈၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ အစိုးရက ၎င်းကို ၆ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကနဦးသတင်းထုတ်ပြန်ခဲ့သည်ဟုသိရသည်။ နိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Santosh

Sarangi က "ယခုဘဏ္ဍာရေးနှစ်မှာ (၂၀၂၃ ခုနှစ်၊ ဩဂုတ်လ)ဟာ ကျွန်တော်တို့အတွက် အပြုသဘောဆောင်တဲ့ တိုးတက်မှုများရရှိခဲ့တဲ့ ပထမဆုံးလဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

အိန္ဒိယကုန်သွယ်ရေးဝန်ကြီးဌာန အတွင်းဝန် Sunil Barthwal က ဝန်ဆောင်မှုပို့ကုန်ကဏ္ဍသည် ကောင်းစွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း အထူးအလေးပေးဖော်ပြခဲ့ပြီး၊ ကုန်စည်ပို့ကုန်ကဏ္ဍကျဆင်းမှုက များစွာသိသာထင်ရှားခြင်းမရှိတော့ဟု ၎င်း၏အကောင်းမြင်မှုအပေါ် ထုတ်ဖော်ပြောကြားခဲ့သည်။ “ကျန်တဲ့ခြောက်လတာ ကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ပို့ကုန်ကဏ္ဍဟာ အပြုသဘောဆောင်တဲ့ တိုးတက်မှုတွေ သေချာပေါက်ရှိသင့်တယ်လို့ထင်ပါတယ်။ တကယ်တော့ ရွက်နုသစ်များ(green shoots)များရှိတယ်ဆိုတာ အတည်ပြုလို့ရပါတယ်"ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း အိန္ဒိယနိုင်ငံ၏ပို့ကုန်တန်ဖိုးသည် ၈ ဒသမ ၇၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁၁ ဒသမ ၄ ဘီလီယံရှိကာ၊ သွင်းကုန်တန်ဖိုး ၁၂ ဒသမ ၂၃ ရာခိုင်နှုန်းကျဆင်းခဲ့ကာ အမေရိကန်ဒေါ်လာ ၃၂၆ ဒသမ ၉၈ ဘီလီယံရှိခဲ့ကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှေးကွေးမှုများနှင့် ငွေကြေးဖောင်းပွမှုမြင့်တက်လာမှုအတူ ကျဆင်းလာလျက်ရှိပါသည်။ ပို့ကုန်ကျဆင်းမှုနှင့် သွင်းကုန်ကျဆင်းမှုနှိုင်းယှဉ်ကြည့်ရှုလျှင် သွင်းကုန်ကျဆင်းမှုရာခိုင်နှုန်းမှာ ပို၍မြင့်မားကြောင်း တွေ့ရှိရပါသည်။ ပို့ကုန်သွင်းကုန်နှစ်ရပ်လုံးကျဆင်းလာသည့်အတွက် ကုန်သွယ်မှုလိုငွေပြမှုမှာလည်း ငါးလတာကာလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းလာလျက်ရှိပါသည်။ သို့သော် အစိုးရအနေဖြင့် ယခုဘဏ္ဍာနှစ်၏ လာမည့် (၆)လတာကာလအတွင်း နိုင်ငံ၏ပို့ကုန်ပြန်လည်တိုးတက်လာမည်ဟု အကောင်းမြင်လျက်ရှိပါသည်။

အိန္ဒိယနိုင်ငံ၏ ပို့ကုန်ကဏ္ဍတွင် ကုန်စည်ပို့ကုန်ကဏ္ဍကျဆင်းသော်လည်း တစ်ဖက်တွင် သတင်းအချက်အလက်နည်းပညာ၊ အခြားစီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းတို့ ကောင်းစွာလည်ပတ်ဆောင်ရွက်လျက်ရှိသည့်အတွက် ဝန်ဆောင်မှုပို့ကုန်ကဏ္ဍမှာ တိုးတက်လျက်ရှိကာ စုစုပေါင်းပို့ကုန်ကဏ္ဍ၏ စွမ်းဆောင်ရည်မှာ သိသာစွာကျဆင်းခြင်းမရှိဟု သုံးသပ်ရပါသည်။

**ရည်ညွှန်းချက်။ The Trade Promotion Council of India ၊ “India’s exports down 2.6% YoY; trade deficit at 5-month low”၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်။**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)_20102023_10:19

## ထိုင်းနိုင်ငံ၊ အရှေ့ဖက်စီးပွားရေးစင်္ကြံ (Eastern Economic Corridor –EEC) ၌ ၅ နှစ်တာကာလအတွင်း အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၅၀၀ ဘီလီယံ သို့ရောက်ရှိရန် ထိုင်းအစိုးရမျှော်မှန်းထား

ထိုင်းနိုင်ငံ၊ အစိုးရသစ်သည် ၅ နှစ်တာကာလအတွင်း အရှေ့ဖက်စီးပွားရေးစင်္ကြံ (Eastern Economic Corridor –EEC) ၌ အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၅၀၀ ဘီလီယံ သို့ ရောက် ရှိရန် မျှော်မှန်းထားပါကြောင်း၊ ၉၉ ရက်အတွင်း EEC ၌ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ရန်အတွက် ရှည်ကြာနေသော အခက်အခဲများကို အလျင်အမြန် ဖြေရှင်းသွားရန်ဖြစ်ကြောင်း EEC မူဝါဒ ကော်မတီအစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားခဲ့ပါသည်။

ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများ၊ ဒီဂျစ်တယ်၊ လျှပ်စစ်မော်တော်ယာဉ်၊ ဇီဝနည်းပညာ၊ အစိမ်းရောင်စီးပွားရေး နယ်ပယ်များကို ဦးစားပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ၏ နိုင်ငံတကာယှဉ်ပြိုင်မှုကိုမြှင့်တင်ပေးမည့် အစိုးရ၏ အဓိကမူဝါဒများနှင့် ကိုက်ညီပါကြောင်း၊ ကော်မတီအနေဖြင့် ယခင်အစိုးရ လက်ထက်တွင် ဖြေရှင်းရန်ကျန်ရှိနေသေးသော ပြဿနာများကို အရှိန်မြှင့်တင်ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်တစ်ခု ရေးဆွဲရန် EEC ရုံးကို ညွှန်ကြားထားပါကြောင်း၊ သုဝဏ္ဏဘူမိ၊ ဒွန်မောင်းနှင့် U-tapao လေဆိပ် ၃ ခုကို ချိတ်ဆက်ပြေးဆွဲမည့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၂၈၂ ဘီလီယံ ပမာဏရှိသော အမြန်ရထားလမ်းစီမံကိန်းဆိုင်ရာ စာချုပ်လည်းအပါအဝင်ဖြစ်ကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ သက်သေခံလက်မှတ်များရရှိပြီးသော အဖွဲ့အစည်းများကို အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုများ အမြန်ဝင်ရောက်နိုင်ရေး ညှိနှိုင်းသွားရန် တိုက်တွန်းထားပါကြောင်း၊ အမြန်ရထားလမ်းစီမံကိန်းဆိုင်ရာ စာချုပ်၏ ပြန်လည်ညှိနှိုင်းမှုကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီတွင် အပြီးသတ်လိုကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားပါသည်။ လာမည့်လအတွင်း ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် တွန်းအားပေးမည့် Roadshow တစ်ခုကို အမေရိကန်၌ ကျင်းပသွားမည် ဖြစ်ကြောင်း၊ လာမည့်နှစ်တွင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၁၀၀ ဘီလီယံ နှင့် ၅ နှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၅၀၀ ဘီလီယံ အမှန်တကယ် ဝင် ရောက်လာစေရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်နှင့် ဟိုက်ဒရိုဂျင်စွမ်းအင်သုံးမော်တော်ယာဉ်၊ လျှပ်စစ်ပစ္စည်းများ၊ Chip ပြားများနှင့် လျှပ်စစ် ဟယ်လီကော်ပတာများ စသည့်နယ်ပယ်များတွင် အများဆုံးဖြစ်ကြောင်း၊ အစိမ်းရောင်စက်မှု၊ စွမ်းအင်နှင့် ပြန်လည် အသုံးပြုနိုင်သော ဘတ္တရီကဏ္ဍတွင် ဂျပန်က စိတ်ဝင်စားလျက်ရှိကြောင်း၊ အီးယူက ဆေးဘက်နယ်ပယ်တွင် ရင်းနှီးမြှုပ်နှံရန် စဉ်းစားလျက်ရှိကြောင်း EEC ၏ အထွေထွေအတွင်းရေး မှူးချုပ်ဖြစ်သူ Mr. Chula Sukmanop က ပြောကြားခဲ့ပါသည်။

ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန်အတွက် ၁၅ နှစ်အထိ Cooperate ဝင်ငွေခွန် ကင်းလွတ်ခွင့်၊ ကုန်ကြမ်းများနှင့် စက်ပစ္စည်းများအတွက် အကောက်ခွန်ကင်းလွတ်ခွင့်၊ နိုင်ငံခြားသား အလုပ်သမားများအတွက် အလုပ်အကိုင်ဗီဇာ၊ တစ်ဦးချင်း ဝင်ငွေခွန် ၁၇ ရာခိုင်နှုန်း၊ ကွန်ဒိုမီနီယမ်ဝယ်ယူခွင့်နှင့် စက်မှုဇုန်အတွင်း မြေပိုင်ဆိုင်ခွင့် သို့မဟုတ် နှစ် ၅၀ ငှားရမ်းခွင့်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အတွက် နောက်ထပ် ၄၉ နှစ် စသည့် မက်လုံးများကို EEC က ပေးထားပါကြောင်း Mr. Chula က ဖြည့်စွက်ပြောကြားပါသည်။

**Source: www.bangkokpost. gov၊**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_191020231059

## ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ထိန်ချုံးမြို့ နိုင်ငံတကာကုန်သည်ကြီးများအသင်းတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်လက်မှတ်ရေးထိုး





တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ပေါင်စန်းပြည်နယ်ခွဲ၊ ထိန်ချုံးမြို့၌ အောက်တိုဘာ ၁၈ ရက်နံနက်ပိုင်းက ကျင်းပခဲ့သည့် တရုတ်-ပေါင်စန်း-ထိန်ချုံး (၈) ကြိမ်မြောက် နယ်စပ်ကုန်စည်ပြပွဲတွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ တရုတ်-ပေါင်စန်း-ထိန်ချုံး (၈) ကြိမ်မြောက် နယ်စပ်ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့မှ ကောင်စစ်ဝန်ချုပ်ဦးသော်တာအောင် တက်ရောက်မိန့်ခွန်းပြောကြားကာ ယူနန်-ပေါင်စန်း-ထိန်ချုံးနှင့်မြန်မာနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲနှင့်သဘောတူစာချုပ်ချုပ်ဆိုပွဲတို့သို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မှု၊ ထိန်ချုံး-ဟိုချောင်-မြစ်ကြီးနား ကားလမ်းနှင့်ကန်ပိုက်တီနယ်စပ်ဂိတ်အဆင့်မြှင့်တင်ရေးနှင့်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အား ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကချင်ပြည်နယ် သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့်ထိန်ချူးမြို့ နိုင်ငံတကာကုန်သည်ကြီးများအသင်း၊ ထိန်ချူးခရိုင်ပြည်သူ့အစိုးရနှင့် Sichuan Zhongnonglan Agricultural Development Co.,Ltd ၊ ယူနန်ကျင်းရှင်း အထွေထွေစိုက်ပျိုးရေးကုမ္ပဏီနှင့် ချန်းရင်းခူးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီတို့မှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူ စာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

(၈)ကြိမ်မြောက် နယ်စပ်ကုန်စည်ပြပွဲအား အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ မြန်မာနိုင်ငံမှ စီးပွားရေးအသင်းအဖွဲ့ လုပ်ငန်းရှင်(၇၄) ဦး၏ ပြခန်းပေါင်း(၁၂)ခန်းအပါအဝင် တရုတ်၊ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံပေါင်း (၂၀)မှ ပြခန်းပေါင်း(၆၀၀)ကျော်ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

**Source:** https://www.popularmyanmar.com/?p=134195

## တရုတ်အပါအဝင် ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် ၇၀၀၀ ကျော် တင်ပို့ခဲ့




ပြီးခဲ့တဲ့ စက်တင်ဘာလ တစ်လအတွင်း တရုတ်အပါအဝင် ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် ၇၀၀၀ ကျော် တင်ပို့ခဲ့တယ်လို့ စီးပွားကူးသန်းရဲ့ အချက်လက်တွေအရ သိရပါတယ်။

စက်တင်ဘာလအတွင်း ရော်ဘာတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေး လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တန်ချိန် ၈၀၀ ကျော်၊ အိန္ဒိယသို့ တန်ချိန် ၅၀၄ တန်၊ ကိုရီးယားသို့ တန်ချိန် ၂၀၀ ကျော် တင်ပို့ခဲ့ရပြီး နယ်စပ် လမ်းကြောင်းမှ တစ်ဆင့် တရုတ်သို့ ကန်ဒေါ်လာ ၇ ဒသမ ၀၁၇ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၅၈၂၀ ကျော် တင်ပို့ခဲ့တယ်လို့ ဆိုပါတယ်။


ဒါကြောင့် လမ်းကြောင်းနှစ်သွယ်မှ စုစုပေါင်းတင်ပို့မှုဟာ ရော်ဘာတန်ချိန် ၇၃၃၀ ကျော် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၉ ဒသမ ၀၃၄ သန်း ရရှိခဲ့တယ်လို့ သိရပါတယ်။

စက်တင်ဘာလအတွင်း ပြည်ပနိုင်ငံများသို့ ရော်ဘာတင်ပို့မှုဟာ ဩဂုတ်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် တစ်သောင်းကျော် လျော့နည်းတင်ပို့ခဲ့ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

**Opinion Leaders** မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## STOCK EXCHANGE (20.10.2023)



YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 20th Oct. 2023

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,388 (Shares) | 40,004,400 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -200 | -2.25% | 8,700 | 8,700 | 8,700 | 51 | 443,700 | 33,109,694 | 288,054 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 183 | 549,000 | 38,929,150 | 116,788 |
| MCB | 00003 | 7,900 | -500 | -5.95% | 7,900 | 7,900 | 7,900 | 2 | 15,800 | 10,400,986 | 82,168 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 10 | 17,000 | 29,664,613 | 50,430 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 35 | 91,750 | 12,823,224 | 33,982 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,100 | 2,100 | 2,050 | 1,841 | 3,787,550 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 14 | 68,600 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | -50 | -2.86% | 1,750 | 1,750 | 1,700 | 3,252 | 5,531,000 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 20th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 373.92 | -6.56 | -1.72% | 374.21 | 374.21 | 373.39 | 5,388 | 10,504,400 | 8 | 705,280 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 15,388 (Shares) | 40,004,400 (MMK) |

## Main Board

As of 1:00 pm, 20th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 15,388 (Shares) | 40,004,400 (MMK) |

| MYANPIX | 373.92 ▼ 6.56 |
|---|---|
| Total Volume (shares) | 5,388 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 705,280 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 200 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,900 | ▼ 500 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▼ 50 |